Lesson 3 for July 18, 2026



# ✡ ခရစ်တော်၌ စည်းလုံးညီညွတ်ခြင်း ✡


“ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ အချင်းချင်းမကွဲပြားဘဲ စိတ်သဘောတစ်သံတစ်သမတ်
တည်း ရှိသည်နှင့် စေ့စပ်စုံလင်ကြမည်အကြောင်း၊ ငါတို့ သခင်ယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ သင်တို့ကို
ငါနှိုးဆော်တောင်းပန်ပါ၏” (၁ ကောရိန္သု ၁း၁၀)

ကောရိန္သုအသင်းတော်ကို နှုတ်ဆက်ခြင်းနှင့်သူတို့၏ ဝိညာဉ်ရေးတိုးတက်မှုကို ချီးကျူးပြီးနောက်၊ ရှင်ပေါလုသည် ထိုအသင်းတော်ကို ထိခိုက်စေသော ပြဿနာများထဲမှ ပထမဆုံးဖြစ်သည့် မစည်းလုံးမှုကို ဆက်ပြောခဲ့သည်။



ကောရိန္သုဩဝါဒစာများနှင့်အခြားဩဝါဒစာများမှာ ဤပြဿနာကို ဖြေရှင်းရန် ရေး၍ပေးခဲ့သော လမ်းညွှန်ချက်များသည် ယနေ့ကျွန်ုပ်တို့၏ ပြဿနာကိုဖြေရှင်းရန် ထိရောက်မှုရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

အစကတည်းက ရှင်းရှင်းလင်းလင်း အချက်တစ်ခုရှိသည်။ အသင်းတော်မှာ စည်းလုံးညီညွတ်မှုကို လူသားများကြိုးစားမှုအားဖြင့် မရနိုင်ပါ။ ခရစ်တော်အားဖြင့်သာ စည်းလုံးညီညွတ်မှုကို ရနိုင်သည်။



- မစည်းလုံးမှုကို ဖြစ်စေသော ပြဿနာများ
  - ကွဲပြားမှုများနှင့်ယှဉ်ပြိုင်မှုများ
- စည်းလုံးမှုကို ထိန်းသိမ်းခြင်း
  - ခရစ်တော်၌စည်းလုံးခြင်း
  - ဉာဏ်ပညာနှင့်ရင့်ကျက်မှု
  - ဝန်ဆောင်မှုနှင့်နှိမ့်ချမှု
  - ခေါင်းဆောင်မှုအပေါ် လေးစားမှု

# မစည်းလုံးမှုကိုဖြစ်စေသော ပြဿနာများ

# ကွဲပြားမှုများနှင့်ယှဉ်ပြိုင်မှုများ

"ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ အချင်းချင်းမကွဲပြားဘဲ စိတ်သဘောတစ်သံ တစ်သမတ်တည်း ရှိသည်နှင့် စေ့စပ်စုံလင်ကြမည်အကြောင်း၊ ငါတို့ သခင်ယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ သင်တို့ကို ငါနှိုးဆော်တောင်းပန်ပါ၏" (၁ ကောရိန္သု ၁း၁၀)



## ကောရိန္သုမြို့ရှိအသင်းတော်တွင် တည်ရှိခဲ့သောကွဲပြားမှုများကား အဘယ်နည်း (၁ ကော ၁း၁၂)

ခေါင်းဆောင်များဖြစ်သည့် (ရှင်ပေါလု၊ အာပေါလု၊ ရှင်ပေတရု) တို့က ကောရိန္သုမြို့၌ အမှုဆောင်ကြသည်။ အသင်းသားတိုင်းက သူတို့၏အကြိုက်ဆုံး ဒေသနာရှင်ရှိကြသည်။ ဤအချက်က အငြင်းပွားမှုဖြစ်စေခဲ့သည် (၁ ကော ၁း၁၁)။



သူတို့အားလုံးသည် ဘုံသတင်းစကားကို ဟောပြောနေကြသည်ကို မသိဘဲ မသက်ဆိုင်သော ရှုထောင့်များကို အာရုံစိုက်ခဲ့ကြသည် (၁ကော ၃:၅-၈)။

ကြာလာသည်နှင့်အမျှ အသင်းတော်၏အသက်တာထိခိုက်ခဲ့ရသည် (၁ကော ၃:၃)။ မစည်းလုံးမှုက ပွဲတော်မင်္ဂလာကို ပျက်ပြားစေခဲ့သည် (၁ကော ၁၁:၃၃)၊ နောက်ဆုံးမှာ တစ်ယောက်နှင့်တစ်ယောက် တရားစွဲခဲ့ကြသည် (၁ကော ၆:၁)။





# စည်းလုံးမှုကို ထိန်းသိမ်းခြင်း

# ခရစ်တော်၌စည်းလုံးခြင်း

“ငါတို့သခင်တည်းဟူသော သားတော်မြတ် သခင်ယေရှုခရစ်နှင့် ဆက်ဆံခြင်းကျေး ဇူး တော်ကို
သင်တို့အား ပေးတော်မူသော ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏” (၁ ကော ၁း၉)

"ခရစ်တော်သည် ကွဲပြားသလော။ ပေါလုသည် သင်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံသလော။ သို့မဟုတ် သင်တို့သည် ပေါလု၏နာမ၌ ဗတ္တိဇံကိုခံကြသလော။" (၁ ကော ၁:၁၃)။ ဤမေးခွန်းများဖြင့် ပေါလုသည် ၎င်းတို့ကို ဆင်ခြင်သုံးသပ်လိုသည်။

ယေရှုကို ကျွန်ုပ်တို့၏သခင်အဖြစ် ရှိခြင်းဖြင့်သာ စည်းလုံးညီညွတ်မှုကို ရရှိနိုင်ပါသည်။ ညီအစ်ကို (သို့) ညီအစ်မတစ်ဦး၏ အတွေးအခေါ်များ (သို့) အကြံဥာဏ်များကို လိုက်နာခြင်း (သို့) လျှို့ဝှက်အဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်မဟုတ်ပါ။

သို့သော် ယေရှု၌စည်းလုံးခြင်းသည် တစ်မျိုးတစ်စားတည်းဖြစ်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ အရာခပ်သိမ်းအပေါ်မှာ အတူတူတွေးခေါ်ကြသည် (သို့) အတူတူလှုပ်ရှားကြသည်ကို ဆိုလိုခြင်းမဟုတ်ပါ။

သေးငယ်သော သဘောထားကွဲလွဲမှုများ၊ တစ်ဦးချင်းစီ၏ မတူညီသော ဆုကျေးဇူးများသည် ခရစ်တော်ကို ဗဟိုပြုသောအခါ မစည်းလုံးမှုကို မဖြစ်ပေါ်စေဘဲ စည်းလုံးမှုကို ဖြစ်ပေါ်စေသည် (၁ကော ၁၂:၁၂-၁၃၊ ၂၅၊ ၂၇)

ငါဆိုသောအတ္တ သေသည့်အခါနှင့်အရစ်တော်အတွက် အသက်ရှင်သည့်အခါ၌သာ အသင်းတော်၌ စည်းလုံးမှုရှိနိုင်သည်။



# ဉာဏ်ပညာနှင့် ရင့်ကျက်မှု

“ညီအစ်ကိုတို့၊ အထက်က ငါသည် ဝိညာဉ်လူတို့အား ဟောပြောသကဲ့သို့ သင်တို့အား ဟောပြောရသော အခွင့်မရှိဘဲ၊ ဇာတိပကတိ လူတို့အားလည်းကောင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားလည်းကောင်း၊ ဟောပြောသကဲ့သို့ ဟောပြောရ၏” (၁ ကောရိန္သု ၃း၁)

ရှင်ပေါလုက မရင့်ကျက်သော ခရစ်ယာန်များကို “ခရစ်တော်၌ ကလေးများ”၊ “ဇာတိပကတိလူ” ဟုခေါ်သည် (၁ ကော ၃:၁)။ ဤခရစ်ယာန်အမျိုးအစားများသည် ယေရှုထက် လူများကို ပိုမိုအာရုံစိုက်ကြသည်။

မလိုအပ်ဘဲ ခေါင်းဆောင်တစ်ချို့ကို ချီးမွမ်းပြောဆိုသောအခါ၌ အသင်းတော်တွင် အုပ်စုလိုက်ကွဲပြားမှုဖြစ်စေသည်။ ၎င်းသည် မရင့်ကျက်မှု၏ရလဒ်ဖြစ်သည်။ ထို့ကြောင့် ရှင်ပေါလုက ကျွန်ုပ်တို့ကို ရင့်ကျက်ဖို့ရန် ဖိတ်ခေါ်တိုက်တွန်းထားသည် (၁ ကော ၂း၆)

| | မရင့်ကျက်မှု | | ရင့်ကျက်မှု |
|---|---|---|---|
|  | သူငယ်ကဲ့သို့ဖြစ်ကြ၏ (၁ ကော ၃း၁) |  | အရွယ်ရောက်ကြသည် (၁ ကော ၁၄း၂၀) |
|  | နို့သောက်ကြ၏ (၁ ကော ၃း၂) |  | အစိုင်အခဲကိုစားကြသည် (ဟေဗြဲ ၅း၁၄) |
|  | ဇာတိပကတိရှိကြ၏ (၁ ကော ၃း၃) |  | ဝိညာဉ်သဘောရှိကြ၏ (၁ ကော ၂း၁၃) |
|  | သူများအကြံနှင့်သက်ရှင်ကြ၏ (၁ ကော ၃း၄) |  | ဝိညာဉ်ရေးပိုင်းခြားသိမြင်နိုင်ကြသည် (၁ ကော ၂း၁၄) |

# ဝန်ဆောင်မှုနှင့်နှိမ့်ချမှု

“ခရစ်တော်၏ အစေအပါးကဲ့သို့လည်းကောင်း၊ ဘုရားသခင်၏ နက်နဲသောအရာတို့ကို စောင့်သော ဘဏ္ဍာစိုး ကဲ့သို့လည်းကောင်း၊ သူတစ်ပါးသည် ငါတို့ကိုမှတ်ပါစေ” (၁ ကောရိန္သု ၄း၁)

ယနေ့ခေတ်ကဲ့သို့၊ ပထမရာစုတွင် လူတို့သည် နိုင်ငံရေး၊ အတွေးအခေါ်၊ ဘာသာရေးနှင့် အခြားယုံကြည်ချက်များကြောင့် ကွဲပြားခဲ့ကြသည်။ ဤအတွေးအခေါ်မျိုး အသင်းတော်ထဲသို့ ထိုးဖောက်ဝင်ရောက်ပြီး ကွဲပြားမှုများ မဖြစ်ပေါ်စေရန်မည်သို့လုပ်ကြမည်နည်း။







ခေါင်းဆောင်၏သဘောထားသည် အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်သည်။ အသင်းခေါင်းဆောင်များသည် ဘဏ္ဍာစိုးများအဖြစ် သူတို့၏တာဝန်ကို ရှင်းရှင်းလင်းလင်း သိထားရပါမည်။ သူတို့သည် အသင်းတော်ကို ပိုင်သူများမဟုတ်ပါ၊ ခရစ်တော်အတွက် စီမံခန့်ခွဲရန်သာဖြစ်သည်။

ယေရှုသာခေါင်းဆောင်ဖြစ်သည်။ အခြားသူများသည် ခရစ်တော်၏ အစေခံများအဖြစ်ဦးဆောင်ကြသည် (၁ ကော ၄း၁)

စီမံခန့်ခွဲသည့် ကျွန်သည် သခင်ကျင့်ကြံသကဲ့သို့ ကျင့်ကြံရမည်။ သူတစ်ပါး၏အမှုတော်အတွက် မိမိကိုယ်ကို နှိမ့်ချစွာ ပေးဆပ်ရန် အမြဲအသင့်ရှိရမည် (ဖိလိပ္ပိ ၂:၃-၈)။

ခေါင်းဆောင်များသာမက အဖွဲ့ဝင်တိုင်းကပါ ဤနည်းအတိုင်း လုပ်ဆောင်ပါက အသင်းတော်တွင် မည်သည့်စည်းလုံးညီညွတ်မှုရှိမည်နည်း။



# ခေါင်းဆောင်များအပေါ်လေးစားမှု

“ထိုမှတစ်ပါး၊ ဘဏ္ဍာစိုးမည်သည်ကား၊ သစ္စာရှိရမည်” (၁ ကောရိန္သု ၄း၂)



ခေါင်းဆောင်များပတ်လည်တွင် ပြိုင်ဆိုင်မှုများနှင့် အုပ်စုများရှိနေခြင်းသည် ၎င်းတို့ကို ငြင်းပယ်သင့်သည်ဟု မဆိုလိုပါ။ တစ်ဖက်တွင်၊ ရှင်ပေါလုသည် အာပေါလု၏ ဓမ္မအမှုတော်နှင့် ကောရိန္သုမြို့ရှိ သူ၏လုပ်ငန်းကို ထောက်ခံပြီး ခုခံကာကွယ်ခဲ့သည် (၁ကော ၃:၅-၆၊ ၄:၆၊ ၁၆:၁၂)။



ခေါင်းဆောင်များသည် သစ္စာရှိရှိလုပ်ဆောင်သောအခါ ဂုဏ်ပြုထိုက်သူများဖြစ်သည် (၁ကော ၄:၂။ ၁တိ ၅:၁၇)။ သို့သော် ထိုဂုဏ်ပြုခြင်းကို မရရှိသည့်အခါတွင်ပင် ၎င်းတို့သည် သစ္စာရှိနေကြဆဲဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို တရားစီရင်သင့်သူမှာ လူမဟုတ်ဘဲ ဘုရားသခင်ကိုယ်တိုင်ဖြစ်ကြောင်း သိရှိကြသောကြောင့်ဖြစ်သည် (၁ကော ၄:၃-၄)။



Frank နှင့် Walter Bond တို့သည် စပိန်နိုင်ငံသို့ ပထမဆုံးသော သာသနာပြုများဖြစ်သည်။ Walter သည် ၁၉၁၄ ခုနှစ်တွင် Jean မြို့တွင် ကွယ်လွန်ခဲ့သည်

ခရစ်ယာန်ခေါင်းဆောင်များသည် ၎င်းတို့၏ညီအစ်ကိုမောင်နှမများအတွက် ဆင်းရဲဒုက္ခခံရန်၊ လိုအပ်ပါက ၎င်းတို့၏ဓမ္မအမှုတော်အတွက် အသက်ပေးရန် ဆန္ဒရှိခြင်းဖြင့် ယေရှု၏ခြေရာကို လိုက်လျှောက်ကြသည် (၁ကော ၄:၁၁-၁၃။ ၂ကော ၁၁:၂၃-၂၈)။



ခေါင်းဆောင်များ (သို့) အသင်းသားများ အချင်းချင်းရန်ဖြစ်ရန် (သို့) ငြင်းခုံရန် မဟုတ်ဘဲ ယေရှုကို ချီးမွမ်းခြင်းနှင့် လက်ဝါးကပ်တိုင်တော်၏ သတင်းစကားကို ဟောပြောခြင်းတွင် စည်းလုံးညီညွတ်ရန်ခေါ်တော်မူထားပါသည်။

“ခရစ်တော်ကဲ့သို့သော သည်းခံခြင်းစိတ်ထားမျိုးမှလွဲ၍ မည်သည့်အရာကမျှ အသင်းတော်တွင် ပြီးပြည့်စုံသော စည်းလုံးညီညွတ်မှုကို မပေးနိုင်ပါ။ စာတန်သည် သဘော ထားကွဲလွဲမှု မျိုးစေ့ကြဲနိုင်သည်။ ခရစ်တော်တစ်ပါးတည်း သာ သဘောထားကွဲလွဲနေမှုကို ညှိနှိုင်းနိုင်သည်။ အမှု တော်ဆောင်တိုင်းက ဘုရားသခင်နှင့်အိမ်နီးချင်းများကို ကိုယ့်ကိုယ်ကိုယ်ချစ်သကဲ့သို့ချစ်လျှင် ခရစ်တော်၌ တစ် လုံးတစ်ဝတည်းရှိကြမည်။ မေတ္တာနှင့်စည်း လုံးညီညွတ် မှု၌ အသင်းသူအသင်းသားများ ပျော်ရွှင်ကြလိမ့်မည်။ ကြီး မားသည့်မိသားစုကြီးတစ်ခုအဖြစ်တည်ရှိကြလိမ့်မည်။ ထို အခါ ကျွန်ုပ်တို့သည် ခရစ်တော်ကို လောကသို့ဘုရားသ ခင် စေလွှတ်သောသူဖြစ်သည်ဟု သက်သေခံလာကြမည်”

EGW (Reflecting Christ July 5)